# ခိုးချိခရိုင်မှာ နေထိုင်တဲ့ နိုင်ငံခြားသား

ခရိုင်ထဲမှာ နိုင်ငံပေါင်း ၇၀ ကျော်က နိုင်ငံခြားသားတွေ နေထိုင်နေပါတယ်။ နိုင်ငံသား အမျိုးအစားတွေကတော့ ဗီယက်နမ်၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ မြန်မာ၊ အမေရိကန်ပြည်ထောင်စု စတာတွေက များပါတယ်။

၆,၃၇၉ ယောက်* ခိုးချိခရိုင်မှာ နေထိုင်နေကြပါတယ်။

*၂၀၂၄ ခုနှစ် ဇွန်လ အနေအထား

နေထိုင်ခွင့်အနေအထားတွေက နည်းပညာဆိုင်ရာသင်တန်းသား၊ အမြဲတမ်းနေထိုင်သူ၊ ပညာသင်ကျောင်းသား၊ ဂျပန်လူမျိုးရဲ့ အိမ်ထောင်ဖက် စတာတွေက များပါတယ်

## တိုင်ပင်မှု နမူနာ

### လူ့ဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်တာ

- နေထိုင်ခွင့်အနေအထား ပြောင်းလဲတာ၊ သက်တမ်းတိုးတာ လုပ်ချင်တယ်
- အထူးကျွမ်းကျင်လုပ်သားနဲ့ ပတ်သက်ပြီး ပြောပြပေးစေချင်ပါတယ်



### အလုပ်အကိုင်/ အလုပ်လုပ်ခြင်း

- အလုပ်ရှာဖွေရေးနဲ့ပတ်သက်ပြီး တိုင်ပင်ချင်တယ်
- အလုပ်နဲ့ပတ်သက်ပြီး စိတ်ညစ်နေတယ

### လူမှုဖူလုံရေးအာမခံ/ ပင်စင်

- ပြည်သူ့ကျန်းမာရေးအာမခံ ထားချင်တယ်
- မိခင်နိုင်ငံကို ပြန်မှာမို့ ပင်စင်အတွက် သွင်းထားတဲ့ပိုက်ဆံ ပြန်ရနိုင်သလား

### ဂျပန်ဘာသာစကား လေ့လာသင်ယူမှု

- ဂျပန်ဘာသာစကားကို ဘယ်မှာ သင်ယူနိုင်ပါသလဲ
- ခန်းဂျီး လေ့လာချင်တယ်



### ဆေးကုသရေး

- မိခင်ဘာသာစကားကို နားလည်တဲ့ ဆေးရုံရှိပါသလား

### စကားပြန်/ ဘာသာပြန်

- အုပ်ချုပ်ရေးရုံးက ပို့လာတဲ့စာထဲက အကြောင်းအရာတွေကို နားမလည်ဘူး
- မေးမြန်းတဲ့နေရာကို ရောက်လာတဲ့ နိုင်ငံခြားသားကို တုံ့ပြန်ပေးဖို့ အခက်တွေ့နေတယ်




- **တည်နေရာ** Kochi-ken Kochi-shi Honmachi 4-1-37 Marunouchi Building 1 F
- **TEL** 088-821-6440
- **FAX** 088-821-6441
- **Website** https://kccfr.jp
- **E-mail** consultation@kccfr.jp
- **ဖွင့်ချိန်** တနင်္လာနေ့မှ စနေနေ့အထိ မနက် ၉ နာရီမှ ညနေ ၅ နာရီ (တနင်္ဂနွေ၊ အများပြည်သူအားလပ်ရက်၊ နှစ်သစ်ကူးနေ့တွေမှာ ပိတ်ပါတယ်)

**စီမံခန့်ခွဲမှု**

ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာ (Kocoforre) ဟာ ခိုးချိခရိုင်က ဖွဲ့စည်းထားတဲ့ “ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာ စီမံခန့်ခွဲရေး ကောင်စီ” နဲ့ အဲဒီကောင်စီရဲ့ ထောက်ပံ့မှုအောက်မှာ ခိုးချိခရိုင် နိုင်ငံတကာ ကူးလူးဆက်ဆံရေးအသင်းက ခိုချိခရိုင်ရဲ့ လုပ်ငန်းအပ်နှံမှုကိုခံယူပြီး စီမံခန့်ခွဲနေပါတယ်။

Kocoforre
ココフォーレ



2025.3

ミャンマー語版

# ခိုခိုဖောလဲ က ခိုးချိခရိုင်မှာနေထိုင်တဲ့ နိုင်ငံခြားမှာဇာစ်မြစ်ရှိသူတွေကို ထောက်ပံ့ပေးနေပါတယ်။

ခိုခိုဖောလဲ လမ်းညွှန်

# Kocoforre Guide



ခိုးချိခရိုင် နိုင်ငံတကာ ကူးလူးဆက်ဆံရေးအသင်း

**ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာ**

Kochi Consultation Center for Foreign Residents

ခိုခိုဖောလဲ (Kocoforre) ဆိုတာ ခိုးချိခရိုင် နိုင်ငံခြားသား လူနေမှုတိုင်ပင်ရေး စင်တာရဲ့ အတိုကောက်နာမည်ဖြစ်ပါတယ်။

# ခိုးချိခရိုင်ရဲ့ နိုင်ငံခြားသားတွေအတွက် မရှိမဖြစ်တဲ့ ခိုခိုဖောလဲ

# Kocoforre

ခိုခိုဖောလဲ (Kocoforre) ဟာ ခိုးချိခရိုင်မှာ နေထိုင်တဲ့
နိုင်ငံခြားမှာဇာစ်မြစ်ရှိသူတွေ စိတ်ချလက်ချနေထိုင်နိုင်ဖို့
နေထိုင်ခွင့်အနေအထား/ အလုပ်လုပ်ခြင်း/ ပညာရေး/ ဆေးကုသရေး/
လူမှုဖူလုံရေး/ ရင်သွေးပျိုးထောင်ရေး/ နေအိမ်စတဲ့ နေထိုင်မှုနဲ့ပတ်သက်တဲ့
ကိစ္စအမျိုးမျိုးကို တိုင်ပင်နိုင်တဲ့ ကောင်တာပါ။
၂၀၁၉ ခုနှစ် (လေး၀ အစပျိုးနှစ်) မေလမှာ ဖွင့်လှစ်ခဲ့ပါတယ်။



## ပေါ့ပေါ့ပါးပါး တိုင်ပင်ဆွေးနွေးကြပါ

နိုင်ငံခြားသားတွေအပြင် နိုင်ငံခြားသားနဲ့ပတ်သက်မှုရှိတဲ့
ဂျပန်လူမျိုးနဲ့ လုပ်ငန်းရှင် စသူတွေဆီက
တိုင်ပင်ဆွေးနွေးမှုတွေကို လက်ခံနေပါတယ်။
တိုင်ပင်ဆွေးနွေးမှုဟာ အခမဲ့ဖြစ်ပါတယ်။ လျှို့ဝှက်ချက်ကို
စောင့်ထိန်းပါမယ်။

### တိုင်ပင်ဆွေးနွေးမှု နည်းလမ်း

လူချင်းတွေ့ဆုံမှု၊ တယ်လီဖုန်းဆက်သွယ်မှု၊
ဝက်ဘ်ဆိုက်မှာရှိတဲ့တိုင်ပင်ရေးဖောင်၊ အီးမေးလ်

### တိုင်ပင်ဆွေးနွေးမှု အကြောင်းအရာ

နေထိုင်ခွင့်အနေအထား၊ အလုပ်အကိုင်/ အလုပ်လုပ်ခြင်း၊ ဆေးကုသရေး၊
လက်ထပ်/ ကွာရှင်းခြင်း၊ စကားပြန်/ ဘာသာပြန်၊ လူမှုဖူလုံရေးအာမခံ/
ပင်စင်၊ အခွန်၊ နေအိမ်၊ ယာဉ်မောင်းလိုင်စင်၊ မီးဖွားခြင်း/
ရင်သွေးပြုစုစောင့်ရှောက်ခြင်း၊ ပညာရေး၊ ဂျပန်ဘာသာစကား
လေ့လာသင်ယူခြင်း၊
ဘေးအန္တရာယ်ဆိုင်ရာ
ကြိုတင်ကာကွယ်ရေးနဲ့ ကိုင်တွယ်မှု၊
နိုင်ငံတကာ ကူးလူးဆက်ဆံရေး
စသည်များ



သုံးပွင့်ဆိုင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု

### ဝန်ဆောင်မှုပေးတဲ့ ဘာသာစကား

အင်္ဂလိပ်/ တရုတ်/ ကိုရီးယား/ ဗီယက်နမ်/ အင်ဒိုနီးရှား/ ထိုင်း/
တာဂါလော့/ နီပေါ/ စပိန်/ ပေါ်တူဂီ/ ပြင်သစ်/ ရုရှား/ ခမာ/ မြန်မာ/
မွန်ဂို/ ဆင်ဟာလီ/ ဘင်္ဂါလီ/ အူရ်ဒူ/ ယူကရိန်း/ အာရပ်
ဘာသာစကားများ

*သုံးပွင့်ဆိုင် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုသုံး ဘာသာစကားအပါအဝင်
*အင်္ဂလိပ်ဘာသာစကားကို တိုင်ပင်ရေးဝန်ထမ်းက တိုက်ရိုက်လုပ်ဆောင်
*တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ် ဘာသာစကားတွေကို စကားပြန်က လုပ်ဆောင် (တစ်ပတ်မှာ တစ်ရက်ခန့်)

### ဥာနပြင်ပ တိုင်ပင်ဆွေးနွေးပွဲ/ ကျွမ်းကျင်သူ တိုင်ပင်ဆွေးနွေးပွဲတွေကို ကျင်းပနေပါတယ်

ခိုးချိမြို့၊ ရှိမန်းတိုးမြို့၊ နန်းခိုခုမြို့
စတဲ့နေရာတွေမှာ ပုံမှန်အနေနဲ့
တိုင်ပင်ဆွေးနွေးပွဲ (အခမဲ့) ကို
ကျင်းပနေပါတယ်။
တိုင်ပင်ဆွေးနွေးပွဲမှာ နေထိုင်မှုအလုံးစုံနဲ့
ပတ်သက်တဲ့ တိုင်ပင်မှုအပြင်
လူဝင်မှုကြီးကြပ်ရေး
ဝန်ဆောင်မှုအေဂျင်စီကလုပ်ဆောင်တဲ့
နေထိုင်ခွင့်အနေအထားဆိုင်ရာ တိုင်ပင်မှုနဲ့
ရှေ့နေတွေကလုပ်ဆောင်တဲ့ ဥပဒေရေးရာ
တိုင်ပင်မှုစတဲ့ ကျွမ်းကျင်မှုဆိုင်ရာ
တိုင်ပင်မှုတွေကိုလည်း
ဝန်ဆောင်ပေးနေပါတယ်။



### စေတနာ့ဝန်ထမ်းတွေရဲ့ အကူအညီကို ရယူပြီး ဒေသတွင်းက နိုင်ငံခြားသားတွေအတွက် ထောက်ပံ့ရေးစနစ်ကို ထူထောင်ထားပါတယ်

ဒေသတွင်းက နိုင်ငံခြားသားတွေနဲ့
ကိုက်ညီမယ့် ထောက်ပံ့မှုကို
လုပ်ဆောင်ဖို့အတွက် စေတနာ့ဝန်ထမ်း
(ထောက်ပံ့သူ) တွေကို စေလွှတ်နေပါတယ်။
ထောက်ပံ့သူတွေဟာ လိုအပ်တဲ့နေရာကို
ကာယကံရှင်နဲ့အတူသွားတာ၊
စကားပြန်/ဘာသာပြန်တာ အပြင်
ခိုခိုဖောလဲရဲ့ ပွဲလမ်းစီမံခန့်ခွဲမှုတွေကတစ်ဆင့်
နိုင်ငံခြားသားတွေကို ထောက်ပံ့နေပါတယ်။
စိတ်ဝင်စားတဲ့သူတွေအနေနဲ့
ထောက်ပံ့သူအဖြစ်
စာရင်းပေးသွင်းကြစေလိုပါတယ်။



### ဘာသာစကားပေါင်းစုံနဲ့ စာရွက်စာတမ်းမျှဝေတာ၊ ဝက်ဘ်ဆိုက်နဲ့ Instagram တွေမှာ သတင်းအချက်အလက် ထုတ်ပြန်တာတွေ လုပ်ဆောင်နေပါတယ်။

ဘာသာစကားပေါင်းစုံနဲ့ ဘာသာပြန်ထားတဲ့
စာရွက်စာတမ်းအမျိုးမျိုးကို မျှဝေနေပါတယ်။
ဒါ့အပြင် ဝက်ဘ်ဆိုက်နဲ့ Instagram တွေမှာ ဂျပန်မှာ
နေထိုင်မှုအတွက် အသုံးကျတဲ့
သတင်းအချက်အလက်တွေကို ထုတ်ပြန်နေပါတယ်။

#### ◆ဝက်ဘ်ဆိုက်

ဂျပန်ဘာသာစကား၊ လွယ်ကူတဲ့ဂျပန်ဘာသာစကား၊
အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်
ဘာသာစကားတွေနဲ့ အချိန်နဲ့ တစ်ပြေးညီ
မျှဝေနေပါတယ်။

QR code ကို စကန်ဖတ်ပါ→

にほんご

#### ◆Instagram

ဂျပန်မှာ နေထိုင်မှု၊ ခိုးချိရဲ့
သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊
အစားအစာစတာတွေရဲ့
သတင်းအချက်လက်တွေကို
လွယ်ကူတဲ့ဂျပန်ဘာသာစကားနဲ့
ပြောပြနေပါတယ်။

KOCFR